# ယေရှု၊ မာရိယာ၊ ဇူဇယ်တို့၏မွန်မြတ်သောအိမ်ထောင်စုပွဲ

ရှင်လုကာ ၂း၂၂-၄၀

အခုခေတ်အချိန်ကာလမှာ မိသားစုဆိုတဲ့ အသိစိတ် ပျောက်ဆုံးနေကြပါတယ်။ အခုလိုခေတ်ကာလမှာ အဖေရော၊ အမေရော အပြင်ထွက် အလုပ်လုပ်နေကြရပါတယ်။ သားသမီးတွေကလည်း သူ့ဟာနဲ့သူ ကျောင်းသွား၊ ကျူရှင်တက်၊ သင်တန်းတက်နဲ့ မိသားစုနဲ့ အတူမရှိကြတာတွေက များပါတယ်။ တစ်နှစ်ထက်တစ်နှစ် လင်မယားတွေ ကွာရှင်းပြတ်စဲကြတာတွေ များလာပါတယ်။ နောက်အိမ်ထောင်ပြုတယ်ဆိုတာကလည်း မထူးဆန်းတော့သလိုပါပဲ။

ယေရှု၊ မာရိယား၊ ဇူဇယ်တို့ရဲ့ သန့်ရှင်းသောအိမ်ထောင်စုလို အတူရှိနေဖို့က အရေးကြီးဆုံးပါပဲ။ ယေရှုဘုရားရှင်ကိုယ်တော်တိုင်လည်း အဲဒီသန့်ရှင်းသောအိမ်ထောင်စုထဲမှာ နှစ်ပေါင်း (၃၀) သတင်းသုံးနေထိုင်ခဲ့တာပါပဲ။ အိမ်ထောင်စုထဲမှာ အတူရှိနေခြင်းအားဖြင့် မိသားစုဝင်တွေက ချစ်ခြင်း၊ ခွင့်လွှတ်ခြင်း၊ နားလည်ပေးတတ်ခြင်းတွေကို သင်ယူပြီးသားဖြစ်နေပါတယ်။ အိမ်ထောင်စုဆိုတာ ကလေးတွေရဲ့ဘဝမှာ အဓိကကျတဲ့ချစ်ခြင်းကို လက်တွေ့ခံစားရစေတဲ့ ကျောင်းတော်ကြီးပါပဲ။

ယခုခေတ် အိမ်ထောင်စုတွေ ဖရိုဖရဲဖြစ်ကြတာ၊ ကွဲကြတာတွေဟာ ခေတ်ရဲ့ မီဒီယာတွေကြောင့်၊ အခုခေတ် ရိုးစိုင်းလာတဲ့လူ့အသိုင်းအဝိုင်းကြောင့်၊ တယ်လီဖုန်းတွေကြောင့်လို့ သင်က အပြစ်ပုံချချင်ချမယ်။ တကယ်တမ်းကတော့ မီဒီယာတို့ ၊ ဖုန်းတို့ဆိုတာက အပြင်ကပါ။ အခု အိမ်ထောင်စုပြဿနာက အတွင်းက ပြဿနာပါ။ ယေရှု၊ မာရိယား၊ ဇူဇယ်တို့ မိသားစုလို ဘုရားကို ဦးထိပ်ပန်ထားကြည့်ပါ့လား ၊ ဘာပြဿနာမှ ရှိတော့မှာ မဟုတ်ပါဘူး။

မိသားစုဝင်အချင်းချင်း မျက်နှာချင်းဆိုင် စကားပြောကြတာ မရှိသလောက်ပဲ။ ဖုန်းနဲ့ပဲ ပြောကြတယ်၊ Message ပဲ ပို့ကြတယ်။ ခင်ခင်မင်မင် ရင်းရင်းနှီးနှီး တွေ့ဆုံစကားပြောကြတာ မရှိကြဘူး။ တွေ့လည်း မတွေ့ချင်ကြဘူး။ ဒါကြောင့် တစ်ယောက်နဲ့တစ်ယောက် စိမ်းလာကြတယ်၊ ကြာတော့ နားလည်မှုတွေ လွဲလာကြတယ်။ အထင်မှားလာကြပြီ။ သခင်ယေရှု ၁၂ နှစ်အရွယ် ဂျေရုဇလင်မြို့ကြီးထဲမှာ ပျောက်နေလို့ လိုက်ရှာပြီး ပြန်တွေ့တဲ့အခါ မယ်တော်က သခင်ယေရှုလေးကို " ငါတို့က စိတ်ပူပြီး လိုက်ရှာနေရတာ၊ ငါတို့ကို ဘာဖြစ်လို့ ဒီလိုလုပ်ရတာလဲ" ဆိုပြီး နားလည်မှုလွဲလွဲနဲ့ ပြောခဲ့တယ်မဟုတ်လား။ ဒီအခါ သခင်ယေရှု ပြန်ပြောတဲ့စကားက "ကျွန်ုပ်သည် ခမည်းတော်ရဲ့အလုပ်ကို လုပ်ဆောင်ရမယ်ဆိုတာ သင်တို့ မသိကြဘူးလား" တဲ့ ။ ဒီစကားကို မိဘတွေက နားမလည်ကြပေမဲ့ စိတ်နှလုံးထဲမှာ စဉ်းစားဆင်ခြင်ပြီး သိမ်းထားတယ်ဆိုတာကို သိရပါတယ်။

ယနေ့ဖတ်ရတဲ့ ပဌမကျမ်းစာမှာ သားသမီးတွေ ငယ်ငယ်တုံးက မိဘတွေက ပင်ပန်းဆင်းရဲစွာနဲ့ ပြုစုစောင့်ရှောက်ခဲ့ကြရတယ်။ လူလားမြောက်သည့်တိုင်အောင် အလုပ်အကိုင်ရပြီး ကိုယ့်ဖါသာကိုယ် ရပ်တည်နိုင်သည်တိုင်အောင် မိဘတွေက စားဝတ်နေရေး ပညာရေးတွေ ဂရုတစိုက်

လုပ်ပေးခဲ့ကြရတယ်။ မိဘတွေ အိုမင်းမစွမ်းဖြစ်လာတဲ့အခါကြတော့ မိဘတွေကို ပြုစုရတာ စိတ်မရှည်ကြဘူး။ မပျော်မရွှင်နဲ့ ပြုစုကြတယ်။ ဆင်ခြေတွေပေးပြီး ရှောင်လွဲချင်ကြတယ်။ မိဘတွေမှာ ခိုကိုးရာမဲ့ ဖြစ်ကြရတယ်။ သူတို့က ကျွေးမှ စားရတဲ့ဘဝမှာ စိတ်အားငယ်နေကြရပါတယ်။ မိဘတွေက အိုလာကြတဲ့အခါ သားသမီးတွေကလည်း သိတတ်ရမယ်၊ ငါတို့ ငယ်ငယ်တုံးက မိဘက ချစ်ချစ်ခင်ခင်၊ ပျော်ပျော်ရွှင်ရွှင်နဲ့ ပြုစုခဲ့ကြသလို အခုလည်း ငါတို့က မိဘတွေကို တစ်ဖန်ပြုစုစောင့်ရှောက်ရမယ်ဆိုတဲ့ အသိစိတ်ရှိဖို့ ပထမကျမ်းစာက ဖော်ပြပေးနေပါတယ်။

ရှင်ပေါလူးရေးထားတဲ့ ဒုတိယကျမ်းစာမှာတော့ မိဘတွေက သားသမီးတွေကို ဆိုဆုံးမကြတဲ့အခါ သားသမီးတွေ စိတ်ပျက်လက်ပျက်ဖြစ်အောင်၊ စိတ်ရှုပ်ထွေးပြီး ချစ်တာကိုတောင် မခံစားနိုင်လောက်အောင် မရက်စက်ရပါဘူး။ သားသမီးတွေကို ဆုံးမတိုင်း သားသမီးတွေက မိဘမေတ္တာ ပိုခံစားမိပါစေ။ ဒေါသနဲ့ မဆုံးမကြရပါဘူးလို့ လမ်းညွှန်ထားပါတယ်။

မိသားစုထဲမှာ စကားစမီပြောဆိုမှုမရှိတာ၊ စာနာမှုမရှိတာတွေကို ဘယ်လိုလုပ် ပြုပြင်ရမလဲ။ အဖေရယ်၊ အမေရယ်၊ သားသမီးတွေက ဘုရားကို ကြည်ညိုသူတွေဖြစ်ဖို့ အရေးကြီးလှပါတယ်။ တစ်မိသားစုလုံးက ဘုရားတရားကြည်ညိုသူတွေဖြစ်ရင် ညီညွတ်တယ်၊ နားလည်မှုရှိတယ်၊ စာနာတတ်တယ်၊ ချစ်တတ်ကြပါလိမ့်မယ်။ ယေဇူး၊ မာရီယာ၊ ဇူဇယ်တို့ မိသားစုလည်း နှစ်စဉ် ဂျေရုဇလင်မြို့ ဗိမာန်တော်ကို မပျက်မကွက် သွားရောက် ဘုရားဖူးကြတယ်ဆိုတာ တွေ့ရပါတယ်။ ဘုရားကို ဗဟိုပြုတဲ့မိသားစုဟာ မကွဲမပြားပဲ အတူရှိနေကြပါလိမ့်မယ်။ ခရစ်ယာန်ပီသတဲ့ မိသားစုဆိုတာ ခရစ်တော်အတိုင်း ခွင့်လွှတ်တတ်တယ်၊ ချစ်တတ်တယ်၊ စာနာတတ်တယ်၊ နားလည်ပေးတတ်ကြပါတယ်။

လောကအတွေးအခေါ်အတိုင်း လောကဆံဆံနေကြတဲ့ မိသားစုတွေမှာတော့ ဘယ်တော့မှ ငြိမ်းသက်သာယာခြင်း မရှိနိုင်ပါဘူး။ ခရစ်ယာန်မဟုတ်သလိုနေ နေကြတဲ့ ဘာသာသူမိသားစုတွေလည်း ရှိနေတာကို ဝမ်းနည်းစွာ တွေ့ရတတ်ပါတယ်။

ခရစ်ယာန်မိသားစုဆိုတာ အဓိက အချက်ကတော့ ဆုတောင်းနေတဲ့မိသားစုပါပဲ။ ဆုတောင်းခြင်းအားဖြင့် ဘုရားနဲ့ အဆက်အသွယ်မပြတ်တဲ့ မိသားစုဖြစ်လို့ ဘယ်လိုနှောက်ယှက်ခြင်းကိုမျှ ကြောက်စရာမလိုတော့ပါဘူး။ သင်တို့ရဲ့မိသားစုဝင်တွေ အားလုံးလည်း ယေဇူး၊ မာရီယာ၊ ဇူဇယ်တို့ကို စံနမူနာထားကာ ပြောင်းလဲနိုင်ကြပါစေ။

နားဆင်သူအားလုံးအပေါ် ဘုရားသခင် ကောင်းကြီးမင်္ဂလာများ ခံစားကြရပါစေ။